ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကင်းတပ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)



ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကော်မတီ
ကင်းတပ်ကျေးရွာ၊ မော်လိုက်မြို့နယ်
(မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	စကားချီး	၁
၂။	နိဒါန်း	၂
၃။	ရည်ရွယ်ချက်	၂
၄။	စိမ်ကိန်း၏လွှမ်းခြုံသက်ရောက်မှု	၂
၅။	ကျေးရွာ၏တည်နေရာ၊ပထဝီအနေအထားနှင့်သဘာဝအရင်းအမြစ်များ	၃
၆။	ကျန်းမာရေး၊ပညာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၄
၇။	ကင်းတပ်ကျေးရွာ၏ စီပွားရေးလုပ်ငန်း	၄
၈။	ဘာသာရေးအဆောက်အအုံနှင့် ဘာသာရေးလုပ်ငန်းများ	၄-၅
၉။	ကျန်းမာရေးနှင့် အာဟာရ	၅
၁၀။	ပညာရေးနှင့် ကျွမ်းကျင်မှုများ	၅
၁၁။	ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းနှင့် အဟန့်အတားများ	၅-၆
၁၂။	ဦးစားပေးစီမံချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ	၆
၁၃။	(၁) ကျေးရွာတွင်းလမ်းကျင်းခင်းခြင်းလုပ်ငန်း	၆
၁၄။	(၂) ခန်းမဆောင်တည်ဆောက်ခြင်း	၆
၁၅။	(၃) ကျေးရွာအားကစားကွင်းတည်ဆောက်ခြင်း	၆
၁၆။	(၄) ရေကာနံရံတည်ဆောက်ခြင်း	၇
၁၇။	(၅) ကျေးရွာတွင်ဆိုလာမီးတိုင်ဆပ်ဆင်ခြင်း	၇
၁၈။	နိဂုံး	၇
၁၉။	ကျေးရွာသယံဇာတပြမြေပုံ	၈
၂၀။	ကျေးရွာရာသီခွင်ပြပြက္ခဒိန်	၉
၂၁။	ကျေးရွာအဖွဲ့အစည်းချိတ်ဆက်မှုပြဇယား	၁၀
၂၂။	ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	၁၁-၁၂
၂၃။	ဦးစားပေးအဆင့်လုပ်ငန်းများ	၁၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၄။	စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ	၁၄-၁၅
၂၅။	စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ	၁၅
၂၆။	ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကော်မတီစာရင်း	၁၆
၂၇။	ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ	၁၇
၂၈။	ဇယား(၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား	၁၇-၂၀
၂၉။	ဇယား(၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား	၂၀
၃၀။	ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု	၂၀-၂၁
၃၁။	ဇယား(၅) ဓာတ်သတ္ထုနှင့် သယာဝအရင်းအမြစ်များ	၂၁
၃၂။	ဇယား(၆) ဥစ္စာဓန အဆင့်အခြေအနေ	၂၁-၂၂
၃၃။	ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ	၂၂-၂၃
၃၄။	ဇယား(၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ	၂၃
၃၅။	ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ	၂၃
၃၆။	ဇယား(၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	၂၄
၃၇။	ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ	၂၄-၂၅-၂၆
၃၈။	ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ	၂၆-၂၇
၃၉။	ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်မှု အိမ်ထောင်စု	၂၇
၄၀။	ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ဧရိယာ	၂၇-၂၈
၄၁။	ဇယား(၁၅) အဓိကသီနှံများနှင့် အထွက်နှုန်း	၂၈
၄၂။	ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု	၂၉
၄၃။	ဇယား(၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ	၂၉-၃၀

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၄။	ဇယား(၁၈) သီနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ	၃၀-၃၁
၄၅။	ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု	၃၁
၄၆။	ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ	၃၂-၃၃
၄၇။	ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ	၃၃-၃၄
၄၈။	ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ	၃၄-၃၅
၄၉။	ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ	၃၅-၃၆
၅၀။	ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုစံနှင့် အချိန်ကာလ	၃၆
၅၁။	ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း	၃၇
၅၂။	ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ	၃၇
၅၃။	ဇယား(၂၇) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ	၃၇-၃၈
၅၄။	ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း	၃၈-၃၉
၅၅။	ဇယား(၂၉) သဘာဝပတ်တန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ	၃၉-၄၀
၅၆။	ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း	၄၀
၅၇။	ဇယား(၃၁) ကျောင်းတက်နှုန်း	၄၁
၅၈။	ဇယား(၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ	၄၁-၄၂
၅၉။	ဇယား(၃၃) ပညာရေးအခက်အခဲနှင့် ပြဿနာများ	၄၂
၆၀။	ဇယား(၃၄) အဖြစ်များသောရောဂါများ	၄၂-၄၃
၆၁။	ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှု	၄၃
၆၂။	ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ	၄၃-၄၄

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၆၃။	ဇယား(၃၇) သောက်သုံးရေးရှိမှု	၄၄-၄၅
၆၄။	ဇယား(၃၈) အိမ်သာအမျိုးအစား	၄၅-၄၆
၆၅။	ဇယား(၃၉) ကျား-မရေးရာ	၄၆
၆၆။	ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ	၄၆-၄၇
၆၇။	ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ	၄၇-၄၈
၆၈။	ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး	၄၈
၆၉။	ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ	၄၈
၇၀။	ဇယား(၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ	၄၉
၇၁။	ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ	၄၉
၇၂။	ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ	၄၉-၅၀
၇၃။	ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု	၅၀
၇၄။	ဇယား(၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ	၅၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်သည် ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ခု၊ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော ကျေးရွာသူ/သားများ ပူးပေါင်းရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာနှင့် ဗဟုသုတများကို ပံ့ပိုးပေးပါသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်းပေးခဲ့သော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့် ဒေသန္တရ အရေးကြီး အချက်အလက်များကို ကူညီပံ့ပိုးပေးသော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရေးရွာရေးလုပ်ငန်းများကို အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ပါ။ လူထုကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းစနစ်ကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာသည့် နည်းလမ်းနှင့် အစီအစဉ်ရေးဆွဲရေးကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းပို့ချ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းသတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက လိုအပ်သော အချက်အလက်နှင့် နည်းပညာပံ့ပိုးမှုကို မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကူအညီကိုရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိရပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အဓိကဖော်ပြထားပြီး စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အကြောင်းအရာများ၊ အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ
ကင်းတပ်ကျေးရွာအုပ်စု၊ကင်းတပ်ကျေးရွာ
မော်လိုက်မြို့နယ်

ကင်းတပ်ကျေးရွာအုပ်စု၊ ကင်းတပ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်းနိဒါန်း

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်များရေးဆွဲအကောင်အထည်ဖော်မည့် စီမံချက်ဖြစ်ကြောင်း သိရှိရပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို လေ့လာထားသည့်အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သည့် ကိန်းဂဏန်း အချက်အလက်များ ရယူရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရယူရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ပြဿနာဖြစ်သည့် အကြောင်းအရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များအပေါ် အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများကို ဖော်ထုတ်၍ အစိုးရဌာနများ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကိုလည်း သိရှိနားလည်စေခဲ့ပါသည်။

ရည်ရွယ်ချက်

ကင်းတပ်ကျေးရွာအုပ်စု၊ ကင်းတပ်ကျေးရွာသည် ကျေးရွာနေပြည်သူလူထု၏ဆန္ဒသဘောထားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကော်မတီဖွဲ့စည်းကာ ကျေးရွာနေပြည်သူလူထုအကျိုးစီးပွားအတွက် ပြည်သူလူထုအမြင်ရှင်းလင်းအောင် ချပြကာ လုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်၍ ချမှတ်ထားသည့်အတိုင်း အောင်မြင်အောင်ဆောင်ရွက်ရန် ကော်မတီမှ ပြည်သူနှင့်လက်တွဲ၍ ကြိုးစားဆောင်ရွက်ပါမည်ဖြစ်ကြောင်း ရည်ရွယ်ပါသည်။

စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ကင်းတပ်ကျေးရွာအုပ်စု၊ ကင်းတပ်ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနိုင်၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ် ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ ကင်းတပ်ကျေးရွာအုပ်စု၊ ကင်းတပ်ကျေးရွာ၏ ကျေးရွာဖွဲ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း

ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ ကင်းတပ်ကျေးရွာအုပ်စု၊ ကင်းတပ်ကျေးရွာသည် ၁၁၂၀ ပြည့်နှစ်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် မဏိပူရ ကသည်းပြည်သို့သိမ်းပိုက်ရန်ချီတက်စဉ် ရွှေဘိုကျောက်မြောင်းမှတစ်ဆင့် ချင်းတွင်းမြစ်ကမ်းဘေးရှိ မော်လူးအရပ်ဒေသ ယခု(ကင်းတပ်)ကျေးရွာသို့ ရောက်ရှိပြီး ယာယီတဲနန်းထိုး၍ တဲနန်း၏အရှေ့တွင် နန်းဦးရွှေဘုံသာစေတီတစ်ဆူ တည်ထား ကိုးကွယ်ခဲ့ပါသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် နတ်ကျွန်းအောင်မြေ ကင်းတပ်တော်ဟု အမည်ပေးခဲ့ပါသည်။ ထို့ကြောင့် မော်လူးမှ ကင်းတပ်ကျေးရွာဟု အမည်ခေါ်ဝေါ်ခဲ့ကြပါသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ သည် မဏိပူရသို့ စစ်ချီတက်စဉ် ဆင်ဦးကင်း၌ စစ်ဆောင်စစ်အောင် ရုပ်ပွားနှစ်ဆူပင့်ဆောင်၍ မော်ကူးချောင်းအတိုင်း မဏိပူရသို့ စစ်ချီတိုက်ခိုက်ရာ အလွယ်တကူအောင်မြင်ခဲ့ပြီး ကင်းတပ်သို့ ပြန်ရာတွင် စစ်ဆောင်စစ်အောင် ရုပ်ပွားနှစ်ဆူကို မင်းကျောင်းဘုန်းတော်ကြီးကျောင်းတွင် ပင့်ဆောင် ထားခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံအင်္ဂလိပ်လက်အောက်သို့ ကျရောက်စဉ်တွင် အင်္ဂလိပ်အစိုးရမှာ ကင်းတပ်ကျေးရွာအား ခရိုင်မြို့အဖြစ် ရုံးစိုက်ခဲ့ပါသည်။ အဆိုပါ ရုံးများ အကျဉ်းထောင်များမှာ ဂျပန်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပျက်စီးယိုယွင်းသွားခဲ့ပါသည်။ အင်္ဂလိပ်အစိုးရသည် ၁၉၁၆ ခုနှစ်တွင် မော်လိုက်မြို့သို့ ပြောင်းရွှေ့၍ ခရိုင်ရုံးစိုက် မြို့တည်ခဲ့ပါသည်။ ကင်းတပ်ကျေးရွာတွင် ယခင် အင်္ဂလိပ်အစိုးရ၏ ရုံးအဆောက်အဦးများ ယခုအခါ လုံးဝမရှိတော့ပါ။ ကမ္ဘာလှည့်ခရီးသည်များ ကင်းတပ်ရွာသို့ အကြိမ်ကြိမ် လာရောက်လေ့လာခဲ့ဖူးပါသည်။ ကင်းတပ်ကျေးရွာသည် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး၊ အရှေ့ဘက်တွင် အင်းအရှည် (၃)မိုင်ခန့်၊ အနောက်ဘက်တွင် ချင်းတွင်းမြစ် ရှိပါသည်။ မော်လိုက်မြို့နှင့် (၇)မိုင်ခန့်ဝေးကွာပါသည်။ ကင်းတပ်ကျေးရွာမှ နားပင်နှင့်အော်ဇီးခုန် ကျေးရွာသို့ ရွာချင်းဆက်လမ်းရှိပြီး မဟာဗျူဟာလမ်းနှင့် ဆက်စပ်လျက်ရှိသည်။ ထို့ကြောင့် မုံရွာဒေသမှ ခရီးသည် ကား၊ ကုန်တင်ကားများ ဝင်ထွက်သွားလာနိုင်သည့် ဒေသဖြစ်ပါသည်။ မြောက်ဘက်သို့ ရှားပင်ကျေးရွာ၊ တိန်းသာကျေးရွာ၊ အိုးဘိုကျေးရွာ၊ ဆွတ်နန်းကျေးရွာနှင့် ဖဲကဇော်ကျေးရွာ ချင်းဆက်လမ်းရှိသဖြင့် သွားလာရေး အဆင်ပြေပါသည်။ ကင်းတပ်ကျေးရွာအုပ်စုတွင် ကင်းတပ်၊ ရှားပင်၊ မော်လိုက်ကလေး ကျေးရွာ(၃)ရွာ ရှိပါသည်

ကျန်းမာရေး၊ ပညာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကင်းတပ်ကျေးရွာတွင် ကျန်းမာရေးအတွက် ကင်းတပ်တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနကို အားထားကြရပါသည်။ ကိုယ်ဝန်းဆောင်မိခင်ကျန်းမာရေးနှင့် ကလေးငယ်များကာကွယ်ဆေးထိုးခြင်းကို ကျေးလက်ကျန်းမာရေးဌာနမှ နှစ်စဉ်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ အနီးအနားရှိ ကျေးရွာများကလည်း ကျန်းမာရေးပြဿနာအတွက် ကင်းတပ်တိုက်နယ်ဆေးရုံကိုသာ အားထားကြရပါသည်။

ကင်းတပ်ကျေးရွာတွင် ယနေ့အထိ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူ (၂၁၃)ဦး၊အထက်တန်း ပညာအဆင့် (၂၄၁)ဦး၊ အလယ်တန်းပညာအဆင့် (၅၀၂)ဦးနှင့် မူလတန်းပညာအဆင့် (၃၅၁)ဦး ရှိပါသည်။ စာမတတ်သူ(၁၅၀)ဦးရှိပါသည်။ ကျေးရွာလူဦးရေ၏ (၁၅၇)ဦးသည် မူလတန်း၊ (၇၉)ဦးသည် အလယ်တန်း၊ (၃၇)၊ဦးသည် အထက်တန်းနှင့် (၇၆)ဦးခန့်သည် အဆင့်မြင့်ပညာကို တက္ကသိုလ်၊ ကောလိပ်များတွင် သင်ကြား နေကြပါသည်။

ကျေးရွာတွင် သန့်ရှင်းသောရေကို လုံလောက်စွာရရှိပါသည်။ စက်ရေတွင်းကို အသုံးပြုကြ၍ မိုးရေလှောင်ကန်၊ စိမ့်စမ်းရေသွယ် မရှိပါ။ ရာသီမရွေး သန့်ရှင်းသော သောက်ရေ၊ သုံးရေ ရရှိပြီး မြစ်ရေကို လျှော်ဖွတ်ခြင်း၊ ရေချိုးခြင်းအတွက် အနည်းစုကသာ သုံးစွဲကြပါသည်။

ကင်းတပ်ကျေးရွာ၏ စီးပွားရေးလုပ်ငန်းများ

ကင်းတပ်ကျေးရွာ၏ စီးပွားရေးလုပ်ငန်းများမှာ စတိုးဆိုင်(၂)ဆိုင်၊ စားသောက်ဆိုင်(၁)ဆိုင်၊ ဆံပင်ညှပ်ဆိုင်(၂)ဆိုင်၊ အလှပြင်ဆိုင်(၁)ဆိုင်၊ ဓါတ်ပုံ၊ မိတ္တူ၊ ကွန်ပျူတာဆိုင် (၁)ဆိုင်ရှိပါသည်။ ကင်းတပ်ကျေးရွာတွင် ဝန်ထမ်းများ အများစုရှိပြီး ရေလုပ်သားမိသားစု (၁၉)ခန့်ရှိပါသည်။ ထို့အပြင် တောင်သူလုပ်ကိုင်သော အိမ်ထောင်စု (၂၆)ဦး ရှိပြီး ဈေးရောင်းဈေးဝယ်လုပ်ကိုင်သော အိမ်ထောင်စု (၄၆)စု ရှိပါသည်။ နွားမွေးမြူသည့် အိမ်ထောင်စု(၂၄)စုရှိပြီး နွားကောင်ရေ (၉၅)ကောင် ရှိပါသည်။ ဝက်မွေးမြူသည့် အိမ်ထောင်စု(၃၂)စုရှိပြီး ဝက်ကောင်ရေ (၁၂၉)ကောင်ရှိပါသည်။ ကြွေ မွေးမြူသည့် အိမ်ထောင်စု (၂)စုရှိပြီး ကောင်ရေ (၈)ကောင် ရှိပါသည်။ ကြွေမွေးမြူသည့် အိမ်ထောင်စု (၂)စုရှိပြီး ကောင်ရေ (၈)ကောင် ရှိပါသည်။ ကြက်၊ ဘဲ မွေးမြူသည့် အိမ်ထောင်စု (၁၄၅)စုရှိပြီး ကောင်ရေအားဖြင့် ကြက် (၇၃၅) ကောင်နှင့် ဘဲကောင်ရေ (၈၈)ကောင်ရှိပါသည်။

ဘာသာရေးအဆောက်အအုံနှင့် ဘာသာရေးလုပ်ငန်းများ

ကင်းတပ်ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း(၂)ကျောင်း ရှိပါသည်။ သာသနာ့ရက္ခိတမင်းကျောင်း တစ်ကျောင်းနှင့် သာသနာဓိပတိကျောင်း ဖြစ်ပါသည်။ ဓမ္မာရုံ(၃)ခုရှိပြီး လောကမုနိဓမ္မာရုံ၊ ဈေးတန်းဓမ္မာရုံ၊ တောင်ကျောင်းဓမ္မာရုံတို့ ဖြစ်ပါသည်။ စေတီ (၆)ဆူ ရှိပါသည်။ ဘုရားက ဆွန်(၂)ခု

ရှိပါသည်။ ဆွမ်းစားဆောင် (၂) ဆောင်ရှိပါသည်။ ဓမ္မစကြာဝတ်အသင်း (၃)ဖွဲ့ ရှိပါသည်။ ဂေါပက အဖွဲ့ (၃)ဖွဲ့ ရှိပါသည်။ ပရဟိတအဖွဲ့မှာ နာရေးကူညီမှုအသင်းတစ်သင်း၊ အောက်စီဂျင်အလှူခံအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ ကျောင်းကော်မတီ၊ တိုက်နယ်ဆေးရုံ ကြီးကြပ်မှုကော်မတီ၊ အားကစားကော်မတီအဖွဲ့တို့ ရှိပါသည်။ ကင်းတပ်တိုက်နယ်ဆေးရုံတွင် ဆိုလာစနစ်ဖြင့် မီးလင်းရန် တိုက်နယ်ဆေးရုံ အထောက်အကူပြုကော်မတီ အဖွဲ့မှ ကြိုးစားဆောင်ရွက်လျက်ရှိပြီး လာမည့် နှိုင်ဘာလအတွင်း အပြီး ဆောင်ရွက်မည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အာဟာရ

ကင်းတပ်ကျေးရွာတွင် အဖြစ်အများဆုံး ရောဂါများမှာ တုပ်ကွေး၊ ငှက်ဖျား၊ သွေးတိုး၊ ဆီးချို၊ ရာသီအကူးအပြောင်းကာလတွင် နှာစေးခြင်း၊ ချောင်းဆိုးခြင်း စသည့် ရောဂါများ ဖြစ်လေ့ရှိကြပါသည်။

ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကင်းတပ်ကျေးရွာတွင် လွန်ခဲ့သော (၁၀)နှစ်ခန့်ကပင် ကင်းတပ်အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာနှုန်း တဖြည်းဖြည်း မြင့်တက်လာပြီး ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသူ (၂၉)ဦးအနက် (၂၇)ဦးအောင်မြင်ခဲ့ပြီး (၄)ဘာသာ ဂုဏ်ထူးရှင် (၁)ဦး၊ (၃)ဘာသာဂုဏ်ထူးရှင် (၃)ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် (၅)ဦး၊ (၁)ဘာသာ ဂုဏ်ထူးရှင် (၆)ဦး အောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း (၉၃%)ဖြင့် တစ်မြို့နယ်လုံးတွင် အောင်ချက်အမြင့်မားဆုံးဖြစ်ပြီး စစ်ကိုင်းတိုင်းတွင် Top (5) နှင့် Top (8) (၂)ဦး ပါဝင်ခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းနှင့် အဟန့်အတားများ

ကင်းတပ်ကျေးရွာသည် မဟာဗျူဟာလမ်းနှင့် ချိတ်ဆက်မှုကောင်းမွန်ပြီး မြန်မာနိုင်ငံ အောက်ပိုင်း၊ အထက်ပိုင်းမှ ခရီးသည်တင်ကားများ၊ ကုန်တင်ကားများ အချိန်မရွေး ဝင်ရောက် သွားနိုင်သဖြင့် ရောင်းဝယ်ဖောက်ကားရေးအတွက် အခြေအနေကောင်းများ ရှိပါသည်။ ၎င်းအပြင် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့မှုရှိပါက အရောင်းအဝယ်များ၊ ကုန်ရောင်းကုန်ဝယ်များ ကောင်းမွန်လာနိုင်ပါသည်။ ကင်းတပ်ကျေးရွာအရှေ့ဘက်၌ အရှည်(၃)မိုင်ခန့်ရှိသော အင်းအတွင်း၌ ငါးသားပေါက်များကို နိုင်ငံတော်မှ ကူညီပံ့ပိုးပေးပါကာ ငါးထုတ်လုပ်မှု ပိုသာချိန် မြောက်များစွာ ရရှိအဆင်ပြေလာစေပါမည်။ အဟန့်အတားတစ်ခုမှာ ကင်းတပ်ရေလုပ်သားများသည် အင်းအတွင်း မြစ်အတွင်း ငါးရစ်တက်ချိန်တွင် စည်းကမ်းမဲ့ ငါးဖမ်းခြင်းကြောင့်လည်းကောင်း၊ အသုံးပြုသော ငါးဖမ်းကိရိယာများမှာ လျှပ်စစ်ကို အသုံးပြုသော လျှော့တိုက်ငါးဖမ်းခြင်းများ ပြုလုပ်ကြသဖြင့် ငါးများကို လွန်စွာပြုန်းတီးစေပါသည်။ အဆိုပါစည်းကမ်းမဲ့ ငါးဖမ်းခြင်းကို ကျေးရွာအာဏာပိုင် အဖွဲ့အစည်းများသာမကမြို့နယ်အာဏာပိုင်အဖွဲ့အစည်းများ၏ကြီးကြပ်မှုဖြင့် စည်းကမ်းလိုက်နာအောင်

ဆောင်ရွက်နိုင်ပါက ငါးထုတ်လုပ်မှုမှာ အဆမတန်ထုတ်လုပ်နိုင်ပြီး ပြည်သူလူထုများသည် ငါးများကို စျေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်မည် ဖြစ်ပါသည်။

ဦးစားပေးစီမံချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ ကင်းတပ်ကျေးရွာအုပ်စု၊ ကင်းတပ်ကျေးရွာ၏ ဦးစားပေး အစီအစဉ်အလိုက် စီမံချက်များမှာ-

(၁) ကျေးရွာတွင်းလမ်းကျင်းခင်းခြင်း၊

(၂) ကျေးရွာတွင်းခန်းမဆောက်လုပ်ခြင်း၊

(၃) ကျေးရွာအားကစားကွင်းတည်ဆောက်ခြင်း၊

(၄) ရေကာနံရံတည်ဆောက်ခြင်း၊

(၅) ကျေးရွာတွင်းလမ်းမီးတိုင်တည်ဆောက်ခြင်းတို့ဖြစ်ပါသည်။

(၁) ကျေးရွာတွင်းလမ်းကျင်းခင်းခြင်း

ကင်းတပ်ကျေးရွာတွင် လမ်းသွယ်လမ်းကြား (၁၅)ခုရှိပြီး လမ်းအရှည်မှာ (၁)မိုင်ခန့် ရှည်းလျားပါသည်။ မိုးတွင်းကာလများတွင် ရွံ့ဗွက်များရှိသဖြင့် သွားရေးလာရေး အဆင်မပြေပါ။ ကျောက်ရောမြေခင်းပေးနိုင်လျှင် လမ်းများ အထူးကောင်းမွန်လာပါမည်။ အဆိုပါလုပ်ငန်းများကို လုပ်ငန်းဆောင်ရွက်ရန် ချထားပေးသည့်နေ့မှစ၍ တစ်ပတ်အတွင်း စတင်ဆောင်ရွက်ပြီး (၁)လ အတွင်းမှာ ပြီးစီးအောင် ဆောင်ရွက်ပါမည်ဟု ကော်မတီအဖွဲ့မှ တာဝန်ယူပါသည်။

(၂) ကျေးရွာတွင်းခန်းမဆောက်လုပ်ခြင်း

ကင်းတပ်ကျေးရွာတွင် ကျေးရွာခန်းမ တည်ဆောက်ရန် မြေနေရာ လိုအပ်နေပါသည်။ မြေနေရာရရှိမည်ဆိုပါက ခန်းမကို ဆောက်လုပ်ပါမည်။

(၃) ကျေးရွာအားကစားကွင်းတည်ဆောက်ခြင်း

ကင်းတပ်ကျေးရွာတွင် လူငယ်များအတွက် အားကစားကွင်းမရှိခြင်းကြောင့် ၃၂၀'×၂၀'×၁၀' အားကစားကွင်း တည်ဆောက်ရန်ဖြစ်ပါသည်။ ကျေးရွာနေလူငယ်များ ကျန်းမာပျော်ရွှင်သန်စွမ်းပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာရန် ရည်ရွယ်ထားပါသည်။ ဤလုပ်ငန်းစဉ်ကို ရပ်ရွာရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

(၄) ရေကာနံရံတည်ဆောက်ခြင်း

ကင်းတပ်ကျေးရွာသည် ချင်းတွင်းမြစ်ကမ်းနံဘေးတွင် တည်ရှိ၍ အမြန်ရေယာဉ်လှိုင်းများ ပုတ်ခတ်မှု၊ မိုးရာသီရေကြီးချိန်တွင် ရေတိုက်စားမှုတို့ကြောင့် ကမ်းထိန်းနံရံလိုအပ်ပါသည်။ ကမ်းထိန်းနံရံတည်ဆောက်ရာတွင် အရှည်ပေ (၅၀၀၀)ခန့်ရှိ၍ စက်ယန္တရားများ အသုံးပြုကာ မျော၊ ဝါးများဝယ်ယူ၍ တည်ဆောက်ရပါမည်။ အလျား ၁၅၀၀'×အမြင့် ၁၂၀' ကမ်းထိန်းနံရံဖြစ်ရာ လိုအပ်သည့်လူအင်အား၊ ပစ္စည်းအင်အားများကို ရပ်ရွာအဖွဲ့အစည်းများမှ တာဝန်ယူ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၅) ကျေးရွာတွင်း လမ်းမီးတိုင်တည်ဆောက်ခြင်း


ကင်းတပ်ကျေးရွာသည် အလျား(၁)မိုင်ခွဲခန့်ရှိ၍ လက်ရှိလမ်းမီးတိုင်နှင့် မီးလင်းနိုင်မှုမှာ ဟိန်းဇာနည်ယူနတီဆိုင်မှ မီးပေးထားသဖြင့် ညနေ(၆)နာရီမှ ည (၈)နာရီအထိသာ မီးလင်းပါသည်။ ထို့ကြောင့် လမ်းမီးများ မီးလင်းနိုင်ရေးအတွက် ဆိုလာစနစ်ဖြင့် မီးလင်းရန် လိုအပ်ပါသည်။ တစ်ရွာလုံးအတွက် လမ်းမီးတိုင် (၇၀) ခန့် လိုအပ်ပါသည်။


နိဂုံး

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ ကင်းတပ်ကျေးရွာအုပ်စု၊ ကင်းတပ်ကျေးရွာသည် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၏ စီမံချက်ဖြင့်သော်လည်းကောင်း၊ နည်းပညာရယူ၍ သော်လည်းကောင်း ပူးပေါင်း၍ ပိုမို ဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်လာရန် အစဉ်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ
ကင်းတပ်ကျေးရွာအုပ်စု၊ကင်းတပ်ကျေးရွာ
မော်လိုက်မြို့နယ်

ရက်စွဲ၊ ၂၀၂၄ခုနှစ်၊ အောက်တိုဘာ လ၊ ရက်






ပှၤဒိ - 24.8.2025

ကျိၣ်ပှၤယွၤကြိၢ်ကၠ၊ ယၣ်းလၣ်စၢ်ဘၣ်ယၤ:ဖိ အဒိအစဉ်း၇ဲၤလှၤသယွၤဖိကြၢ်ဖကၤး

ဒေါ်ပိုက်မြို့နယ် ကင်းတပ်စံပြကျေးရွာ ရာသီဥတုပြက္ခဒိန် ရက်စွဲ - 19.8.2024

အဖြစ်အပျက်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
	ဧပြီ	မေ	ဇွန်	ဇူလိုင်	ဩဂုတ်	စက်တင်ဘာ	အောက်တိုဘာ	နိုဝင်ဘာ	ဒီဇင်ဘာ	ဇန်နဝါရီ	ဖေဖော်ဝါရီ	မတ်
ရာသီဥတု												
အလုပ်အကိုင်	—	များ	များ	များ	များ	နည်း	နည်း	များ	များ	များ	—	—
လက်လုပ်လက်စားမိသားစုဝင်များ	—	များ	နည်း	နည်း	—	များ	နည်း	များ	နည်း	များ	များ	များ
အသုံးစရိတ် / ဝင်ငွေ / ထွက်ငွေ	MM	M	M	M	M	M	MMM	MMM	MM	M	M	MM
ချေးငွေလိုအပ်မှု	KK	KKK	K	K	KKK	KKK	KKK	K	K	K	K	KK
ဝမ်းစာဖူလုံမှု	သင့်	သင့်	သင့်	ဖူလုံ	ဖူလုံ	ဖူလုံ	ဖူလုံ	ဖူလုံ	ဖူလုံ	ဖူလုံ	ဖူလုံ	သင့်
သောက်သုံးရေရရှိမှု												
တိရစ္ဆာန်ရောဂါကျရောက်မှု	—	ခွာနာ	လျှာနာ	[illegible]	—	—	—	—	—	—	—	ကြက်နာ
ကျန်းမာရေးအခြေအနေ	—	ဝမ်းပျက် ဝမ်းလျှော	ဝမ်းပျက် ဝမ်းလျှော	အအေးမိ တုပ်ကွေး	အအေးမိ တုပ်ကွေး	အအေးမိ တုပ်ကွေး	—	—	နှာစေး	နှာစေး	ချောင်းဆိုး	—
သီးနှံရောဂါကျရောက်မှု	မှိုနာ	—	—	—	—	—	ပိုးလဲ	[illegible]	—	—	—	—
တိရစ္ဆာန်အစာရရှိမှု	များ	များ	များ	များ	နည်း	နည်း	များ	များ	များ	များ	များ	များ
ပွဲတော်	သင်္ကြန်ပွဲ	—	—	ရှင်ပြုပွဲ	—	—	မီးထွန်းပွဲ	ကထိန်ပွဲ	—	—	—	—

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ကင်းတပ်
ကျေးရွာအုပ်စု	- ကင်းတပ်
မြို့နယ်	- မော်လိုက်
တိုင်းဒေသကြီး / ပြည်နယ်	- စစ်ကိုင်းတိုင်းဒေသကြီး

စီမံချက်အမည် - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

ကင်းတပ်ကျေးရွာ၊ ကျေးရွာတွင်းလမ်းနေရာသည် မိုးရာသီတွင် ရွှံ့ဗွက်အိုင်များ ဖြစ်ပေါ်ပြီး ကျေးရွာနေပြည်သူများ သွားလာရေး အခက်အခဲနှင့်ကြုံတွေ့ရသောကြောင့်ဖြစ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

မိုးရာသီတွင် ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသူ၊ကျောင်းသားများ အခက်အခဲမရှိ သွားလာနိုင်ရန်အတွက် ဂျင်းလမ်းခင်းလိုခြင်းဖြစ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

ကျေးရွာတွင်းလမ်း ဂျင်းခင်းခြင်းလုပ်ငန်း ပြီးစီးသွားလျှင် ကျေးရွာသူ၊ကျေးရွာသားများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် သက်ကြီးရွယ်အိုများပါ စိတ်ချမ်းသာစွာ သွားလာနိုင်ပြီဖြစ်ပါသဖြင့် အကျိုးကျေးဇူးများစွာရှိပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

ကျေးရွာတွင်းလမ်းဂျင်းခင်းခြင်း

အတိုင်းအတာ - ၂၇၀' x ၁၂' x ၀'-၉"

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ကျပ် (၁၅.၀၀)သန်း (ငွေသား)	• ကျေးလက်/ဦးစီး
• xxxxxxxxxx (ငွေသား)	• ကျေးရွာ

• ကျပ် (၂.၆၇)သန်း (ပစ္စည်း/လုပ်အား) •	• ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့်သူ ဦးရေ	၇၁၈	၇၇၄	၁၄၉၂					
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) **တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကင်းတပ်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

(၂) **စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - . .၂၀၂၄

(၃) **စီမံချက်ပြီးစီးမည့်အချိန်** - . .၂၀၂၄

(၄) **ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**
ကျေးရွာတွင်းလမ်း ဂျင်းခင်းခြင်းလုပ်ငန်းတွင် ကျေးရွာလူထု၏ လုပ်အားရရှိရေးအတွက် ကျေးရွာကော်မတီနှင့် ကျေးရွာသူ/သားများ အစည်းအဝေးပြုလုပ်၍ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) **လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီမှ လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးကိုဆောင်ရွက်သွားမည်ဖြစ်ပြီး ငွေကြေးထည့်ဝင်မှုအစီအစဉ်အား ကျေးရွာရန်ပုံငွေမှ ထည့်ဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကင်းတပ်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)

ဦးစားပေးအဆင့်လုပ်ငန်းများ

စဉ်	စီမံချက်(Project)	ဦးစားပေးအဆင့်	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈
၁	ကျေးရွာတွင်းလမ်း ဂျင်းခင်းခြင်း	၁	✔				
၂	ကျေးရွာတွင်း ခန်းမဆောက်လုပ်ခြင်း	၂		✔			
၃	ကျေးရွာအားကစားကွင်းတည်ဆောက်ခြင်း	၃			✔		
၄	ရေကာနံရံတည်ဆောက်ခြင်း	၄				✔	
၅	ကျေးရွာတွင်းလမ်းမီးတိုင်တည်ဆောက်ခြင်း	၅					✔

မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သည့်

ကင်းတပ်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)ကော်မတီစာရင်း

စဉ်	အမည်	ရာထူး/တာဝန်	အဘအမည်	မှတ်ပုံတင်အမှတ်	မွေးသက္ကရာဇ်
၁	ဦးမင်းမင်း	ဥက္ကဋ္ဌ	ဦးအောင်မြင့်စိန်	၅/မလန(နိုင်)၀၂၆၃၄၄၇	၃.၆.၁၃၃၉
၂	ဦးထွန်းရီ	အဖွဲ့ဝင်	ဦးပူး	၅/မလန(နိုင်)၀၉၈၉၀၇	၂၀.၉.၁၉၄၈
၃	ဦးမြင့်ဆွေ	အတွင်းရေးမှူး	ဦးဖိုးဝေ	၅/မလန(နိုင်)၀၀၉၈၂၆	၁၂.၈.၁၃၂၆
၄	ဦးတင်မောင်ဝင်း	ဘဏ္ဍာရေးမှူး	ဦးဘကြူး	၅/မလန(နိုင်)၀၂၀၄၇၆	၈.၆.၁၉၇၂
၅	ဒေါ်ယွန်းခြူးနွယ်	စာရင်းကိုင်	ဦးဇော်မင်း	၅/မလန(နိုင်)၀၅၀၂၆၅	၁.၁၁.၁၉၉၇
၆	ဒေါ်နေခြည်ရှင်းသန့်	အဖွဲ့ဝင်	ဦးနေမျိုး	၅/မလန(နိုင်)၀၅၇၆၇၈	၃.၆.၂၀၀၆
၇	ဒေါ်ညိုညိုသန်း	အဖွဲ့ဝင်	ဦးမောင်လှိုင်	၅/မလန(နိုင်)၀၃၄၅၇၆	၂.၆.၁၃၄၂